Bundesamt
für Migration
und Flüchtlinge

| ဖိုင်နံပါတ် - | ၉၁၆၈ - ၂၀၂၂ - ၀၀၁၆ |
|---|---|

**ဒုက္ခသည်များဆိုင်ရာ၊ ရွှေ့ပြောင်းအခြေချနေထိုင်မှုဆိုင်ရာ နှင့် အတူတကွပေါင်းစည်းနေထိုင်ရေးအစီအစဉ် (AMIF) ၏ ရန်ပုံငွေထောက်ပံ့မှုကိစ္စများတွင် ကိုယ်ရေးကိုယ်တာအချက်အလက်များသုံးစွဲခြင်း အတွက် သတင်းအချက်အလက်များ**

**အောက်ပါ သတင်းအချက်အလက်များကို အထွေထွေဒေတာအချက်အလက် ကာကွယ်ရေးစည်းမျဉ်း၊ (DSGVO) (အီးယူ) ၂၀၁၆/ ၆၇၉ မှ ပုဒ်မ (၁၃) နှင့် (၁၄) အရ အများပြည်သူအား အသိပေး ကြေငြာသည်။ ယခုကဲ့သို့ ကြေငြာခြင်းမှာ ဂျာမနီနိုင်ငံ ဒုက္ခသည်များဆိုင်ရာ၊ ရွှေ့ပြောင်းအခြေချနေထိုင်မှုဆိုင်ရာ နှင့် အတူတကွပေါင်းစည်းနေထိုင်ရေးအစီအစဉ် (AMIF) ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ပရောဂျက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကိုယ်ရေးကိုယ်တာဆိုင်ရာ အချက်အလက်များကို စီမံဆောင်ရွက်ရန် ဖြစ်သည်။ ယခုအချက်အလက်များကို AMIF စီမံခန့်ခွဲမှုအဖွဲ့အစည်း နှင့် အောက်တွင် ဖော်ပြထားသော အစိုးရအဖွဲ့အစည်းများမှ စိစစ်ဆောင်ရွက်ပါသည်။**

## ၁) ကိုယ်ရေးကိုယ်တာအချက်အလက်များကို စီမံဆောင်ရွက်ရန် အတွက် ရည်ရွယ်ချက်များ နှင့် ဥပဒေအခြေခံစည်းမျဉ်းများ

AMIF စီမံခန့်ခွဲမှုအဖွဲ့ သည် AMIF ဥရောပရန်ပုံငွေဆိုင်ရာ ညွှန်ကြားချက်၏ မူဘောင်အတွင်းတွင် စီမံခန့်ခွဲသည်။ ပြင်ပမှ ပရောဂျက်အကောင်အထည်ဖော်သူများကို ၎င်းအဖွဲ့မှ ရန်ပုံငွေထောက်ပံ့မှုများ ပေးအပ်သည်။ ထိုရန်ပုံငွေထောက်ပံ့မှုများအတွက် ချမှတ်ထားသည့် ဥပဒေအခြေခံ စည်းမျဉ်းများမှာ (အီးယူ) ၂၀၂၁/၁၀၆၀ နှင့် ၂၀၂၁/၁၁၄၇ မှ စည်းမျဉ်းများ၊ ၎င်းစည်းမျဉ်းများကိုအခြေခံ၍ ထုတ်ပြန်ထားသော အကောင်အထည်ဖော်မှုဆိုင်ရာစည်းကမ်းများ နှင့် အီးယူကော်မရှင်မှ အခြားသော သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းစည်းမျဉ်းများ တို့ဖြစ်သည်။

ကိုယ်ရေးကိုယ်တာ အချက်အလက်များ စီမံဆောင်ရွက်မှုကို အထွေထွေဒေတာအချက်အလက် ကာကွယ်ရေးအခြေခံစည်းမျဉ်း (အီးယူ) ၂၀၁၆/၆၇၉ သို့မဟုတ် (အီးယူ) ၂၀၁၈/၁၇၂၅ တို့နှင့် ဆက်စပ်နေသည့် စည်းမျဉ်း ပုဒ်မ (၆) အပိုဒ် (၁)၊ အမှတ်စဉ် (c)၊ ကို ကိုယ်စားပြုပြီး (အီးယူ) ၂၀၂၁/၁၀၆၀ စည်းမျဉ်းပုဒ်မ (၄) ကို အခြေခံ၍ လုပ်ဆောင်သည်။ အချက်အလက်များကို ပရောဂျက် လျှောက်ထားသူအစိုးရအဖွဲ့၏ လုပ်ငန်းရည်ရွယ်ချက်အတွက် ITSI စီမံခန့်ခွဲမှုနည်းပညာအတွင်းတွင် ပရောဂျက်လျှောက်ထားခြင်း၊ ပရောဂျက်ပေး၊ မပေး ဆုံးဖြတ်ချက်ချခြင်း၊ လျှောက်ထားသူအား ရန်ပုံငွေချပေးခြင်း၊ စီမံခန့်ခွဲခြင်း နှင့် ရန်ပုံငွေသုံးစွဲမှုများကိုစိစစ်ခြင်း အတွက်သာ သုံးစွဲနိုင်သည်။ ထို့ထက်ပို၍ ဒေတာအချက်အလက်များကို ရန်ပုံငွေအသုံးပြုမှုများမှတ်တမ်းတင်ခြင်းအတွက် သုံးစွဲသည်။ အထွေထွေဒေတာအချက်အလက် ကာကွယ်ရေးစည်းမျဉ်းမှ ပုဒ်မ (၂၈) နှင့်အညီ ဒေတာများသုံးစွဲမှုကို သတင်းအချက်အလက် ဗဟိုနည်းပညာဌာန (ITZBund) ၏ ဆာဗာများတွင်သာ ဆောင်ရွက်ပါသည်။

## ၂) ကိုယ်ရေးကိုယ်တာဆိုင်ရာ ဒေတာအချက်အလက်များကို လက်ခံရရှိသည့် အမျိုးအစားကဏ္ဍများ

အထွေထွေဒေတာအချက်အလက် ကာကွယ်ရေးစည်းမျဉ်း ပုဒ်မ (၆) အပိုဒ် (၁)၊ အမှတ်စဉ် (င)၊ ကို ကိုယ်စားပြုပြီး (အီးယူ) ၂၀၂၁/၁၀၆၀ စည်းမျဉ်းပုဒ်မ (၄) ကို အခြေခံ၍ ဒေတာများကို စီမံဆောင်ရွက်ခြင်း ဆိုသည်မှာ ပရောဂျက်ရန်ပုံငွေပေးအပ်ရန်အတွက်၊ ဆုံးဖြတ်ချက်ချရာတွင်ပါဝင်သော ပြည်နယ်အစိုးရအသီးသီးမှ သီးသန့်အာဏာပိုင်အဖွဲ့များ၊ ဘာသာရပ်ကျွမ်းကျင်အဖွဲ့များ ထံသို့ ဒေတာအချက်အလက်များပံ့ပိုးခြင်း၊ AMIF စီမံခန့်ခွဲမှုအဖွဲ့အစည်း၏ ရန်ပုံငွေချမှတ်ပေးမှု၊ ပရောဂျက်လျှောက်ထားမှုကိစ္စများအတွက် ပူးတွဲဘဏ္ဍာငွေထောက်ပံ့သောအဖွဲ့များသို့ သတင်းအချက်အလက်များ ပံ့ပိုးပေးခြင်းနှင့် ရန်ပုံငွေသုံးစွဲမှုရှင်းတမ်းအတွက် အသုံးပြုခြင်း တို့ ဖြစ်သည်။

လိုအပ်ပါက ကိုယ်ရေးကိုယ်တာအချက်အလက်များပါဝင်သော ဒေတာများကို စာရင်းစစ်အဖွဲ့၏ စာရင်းစစ် လုပ်ငန်းရည်ရွယ်ချက်အတွက် အသုံးပြုသည်။ ၎င်းအတွက် သက်ရောက်သည့်ဥပဒေမှာ အထွေထွေဒေတာအချက်အလက် ကာကွယ်ရေးစည်းမျဉ်း ပုဒ်မ (၆) အပိုဒ် (၁)၊ အမှတ်စဉ် (င)၊ ကို ကိုယ်စားပြုသည့် (အီးယူ) ၂၀၂၁/၁၀၆၀ စည်းမျဉ်းပုဒ်မ (၄) နှင့် ပြည်ထောင်စုအဆင့်ဘတ်ဂျက်သုံးစွဲမှုဥပဒေ ပုဒ်မ (၄၄) တို့ ဖြစ်သည်။

နိုင်ငံတော်အဆင့်ဝန်ဆောင်မှုများကို အလွဲသုံးစားလုပ်ခြင်းမှ ကင်းလွတ်စေရန် နှင့် လွတ်လပ်သော ဒီမိုကရေစီအခြေခံစည်းမျဉ်းကို ကာကွယ်ရန်အတွက် လျှောက်ထားသူ၏ ကိုယ်ရေးကိုယ်တာဆိုင်ရာ အချက်အလက်များကို၊ သတင်းအချက်အလက်ကာကွယ်ရေးဥပဒေ ပုဒ်မ (၆) အပိုဒ်(၁) နံပါတ်စဉ် (ဂ နှင့် င) နှင့်ဆက်စပ်နေသည့် ပြည်ထောင်စုသတင်းအချက်အလက်ကာကွယ်ရေးဥပဒေ ပုဒ်မ (၃) အရ၊ အခြေခံဥပဒေကာကွယ်ရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာနထံသို့ ပေးပို့နိုင်သည်။

အထက်တွင်ဖော်ပြခဲ့သော ဒေတာလက်ခံသူများကို အောက်ပါအတိုင်း အမျိုးအစားခွဲနိုင်ပါသည်။

- ❖ ပြည်ထောင်စုနှင့်ဒေသဆိုင်ရာဝန်ကြီးဌာနများ သို့မဟုတ် လက်အောက်ခံအစိုးရဌာနများ နှင့် ဖက်ဒရယ်အစိုးရမှတာဝန်ပေးအပ်ထားသူများ၊
- ❖ ပြည်နယ်အစိုးရဌာနများ၊ အစိုးရအာဏာပိုင်များ နှင့် ပရောဂျက်များကို ဘဏ္ဍာငွေ ပူးတွဲကူညီထောက်ပံ့သည့် အခြားအဖွဲ့အစည်းများ
- ❖ အောက်ပါစာရင်းစစ်အဖွဲ့များ
  - အီးယူ ရန်ပုံငွေ (AMIF) စာရင်းစစ်အဖွဲ့
  - အီးယူကော်မရှင် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်များ
  - ဥရောပ စာရင်းစစ်ချုပ်ရုံး
  - လိမ်လည်အလွဲသုံးစားပြုမှု တိုက်ဖျက်ရေး ဥရောပရုံး (OLAF)
  - ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

## ၃) ဝေါဟာရသုံးစွဲမှု အဓိပ္ပါယ်သတ်မှတ်ချက်များ

"စီမံဆောင်ရွက်ခြင်း" ဟူသော ဝေါဟာရမှာ အထွေထွေဒေတာကာကွယ်ရေးစည်းမျဉ်း ဥပဒေပုဒ်မ (၄) အပိုဒ် (၂) အရ အလိုအလျောက်လုပ်ထုံးလုပ်နည်းများအရဖြစ်စေ/ ၎င်းတို့မပါဘဲဖြစ်စေ ကိုယ်ရေးကိုယ်တာအချက်များကို စုဆောင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ စီစဉ်ခြင်း၊ စီမံခြင်း၊ သိမ်းဆည်းခြင်း၊ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ကောက်နုတ်ခြင်း၊ ပြန်လည်ရယူခြင်း၊ အသုံးပြုခြင်း၊ ဆက်လက်ပေးအပ်မှုကို အကြောင်းကြားခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် အခြားပုံစံတစ်ခုခုဖြင့် ပြင်ဆင်ထားခြင်း၊ ချိန်ညှိခြင်း သို့မဟုတ် ချိတ်ဆက်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းတို့ကို ဆိုလိုသည်။

ကိုယ်ရေးကိုယ်တာအချက်အလက်ဆိုသည်ကို အထွေထွေဒေတာကာကွယ်ရေးစည်းမျဉ်း ဥပဒေပုဒ်မ (၄) အပိုဒ် (၁) အရ ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်သည်။ လူတစ်ဦးတစ်ယောက်အဖြစ် သတ်မှတ်ထားသော သို့မဟုတ် သိရှိသတ်မှတ်နိုင်သော သက်ရှိပုဂ္ဂိုလ်နှင့် သက်ဆိုင်သည့် မည်သည့်အချက်အလက်မဆို (ဆက်လက်၍ "သက်ဆိုင်ရာပုဂ္ဂိုလ်" ဟု သုံးစွဲပါမည်။) ကို ဆိုလိုသည်။ လူပုဂ္ဂိုလ်တစ်ဦးအဖြစ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထင်ရှားစေသည့် ဝိသေသလက္ခဏာတို့မှာ အထူးသဖြင့် အမည်၊ မှတ်ပုံတင်နံပါတ်၊ တည်နေရာ၊ အွန်လိုင်းမှတ်ပုံတင်နံပါတ် သို့မဟုတ် လူပုဂ္ဂိုလ်အဖြစ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ သိစေနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ လက္ခဏာရပ်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ရုပ်ပိုင်းဆိုင်ရာ၊ ဇီဝကမ္မဆိုင်ရာ၊ မျိုးရိုးဗီဇဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် လူမှုရေးဆိုင်ရာ သီးခြားဝိသေသလက္ခဏာများဖြစ်သည်။

အထွေထွေဒေတာကာကွယ်ရေးစည်းမျဉ်းသတ်မှတ်ချက်အရ သက်ဆိုင်ရာပုဂ္ဂိုလ်များဆိုသည်မှာ AMIF ရန်ပုံငွေပရောဂျက်များမှ ထောက်ပံ့ကူညီမှုလက်ခံရရှိသူများအတွက် အလုပ်လုပ်ပေးသည့်ဝန်ထမ်းများ၊ လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့်လုပ်ဖော်ကိုင်ဖက်များ၊ တဆင့်ခံကန်ထရိုက်တာများ၊ ပရောဂျက်အတွက် အလုပ်လုပ်ပေးသော စေတနာ့ဝန်ထမ်းများ နှင့် ပရောဂျက်ထောက်ပံ့မှုရရန်လျှောက်ထားခံရသည့်ပုဂ္ဂိုလ်များ တို့ ဖြစ်သည်။

## ၄) သိမ်းဆည်းထားသည့်ကိုယ်ရေးကိုယ်တာအချက်အလက် အမျိုးအစားများ

AMIF စီမံခန့်ခွဲမှုအဖွဲ့သည် AMIF ထံမှ ရန်ပုံငွေ လျှောက်ထားခြင်း၊ ရန်ပုံငွေ ပေးအပ်ခြင်းကိစ္စရပ်များနှင့် သက်ဆိုင်သော ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုသာ စီမံဆောင်ရွက်သည်။

ပရောဂျက်အတွက် အလုပ်လုပ်သော ဝန်ထမ်းများထံမှ အခြေခံအားဖြင့် အောက်ပါ ကိုယ်ရေးကိုယ်တာ အချက်အလက်များကိုသာ စုဆောင်းသိမ်းဆည်းထားပါသည်။ မျိုးရိုးအမည်၊ ကိုယ်ပိုင်အမည်၊ ပရောဂျက်ဆိုင်ရာတာဝန်၊ မှတ်ပုံတင်နံပါတ် (ရရှိနိုင်ပါက)၊ မွေးသက္ကရာဇ်၊ အိမ်ထောင်ရှိ/ မရှိ၊ (TVÖD) စံသတ်မှတ်ထားသည့် လုပ်ငန်းစာချုပ်စနစ်အရ ကျွမ်းကျင်အဆင့်သတ်မှတ်ချက် သဘောတူညီမှု၊ အလုပ်ချိန်သတ်မှတ်ချက် နှင့် ရရှိမည့် လစာပမာဏ တို့ဖြစ်သည်။

တဆင့်ခံကန်ထရိုက်တာများ နှင့် စေတနာ့ဝန်ထမ်းများထံမှ ယေဘူယျအားဖြင့် အောက်ပါကိုယ်ရေးကိုယ်တာအချက်အလက်များကို စုဆောင်းသိမ်းဆည်းထားပါသည်။ မျိုးရိုးအမည်၊ ကိုယ်ပိုင်အမည်၊ လိပ်စာ၊ စာချုပ်ချုပ်သည့်အကြောင်းအရာ (တာဝန် နှင့် ပရောဂျက်နှင့်ဆက်နွယ်မှု)၊ လုပ်ငန်းဆောင်ရွက်မှုအတိုင်းအတာ (ဥပမာ - အလုပ်လုပ်ခဲ့သည့်နာရီများ/ ရက်များ)၊ လုပ်ခငွေပေးခြင်း (ဥပမာ - အလုပ်ချိန်နာရီ)။

ပရောဂျက်ထောက်ပံ့မှုရရှိရန်လျှာထားခံရသည့်ပုဂ္ဂိုလ်များထံမှ ယေဘူယျအားဖြင့် အောက်ပါကိုယ်ရေးကိုယ်တာအချက်အလက်များ ကို စုဆောင်းသည်။ မျိုးရိုးအမည်၊ ကိုယ်ပိုင်အမည်၊ မွေးနေ့၊ ကျား/မ၊ မိခင်နိုင်ငံ၊ နိုင်ငံသား၊ နေထိုင်ခွင့်အမျိုးအစား နှင့် နေထိုင်ခွင့်မှတ်ပုံတင်နံပတ် သို့မဟုတ် နေထိုင်ခွင့်လျှောက်ထားသည့်ဖိုင်နံပတ် တို့ ဖြစ်သည်။

## ၅) ဒေတာများ သိမ်းဆည်းခြင်းနှင့်ဖျက်ဆီးခြင်း

AMIF ထောက်ပံ့ရေးဆိုင်ရာ စည်းမျဉ်း အပိုဒ် (၃၁) ပုဒ်မ (၂) အရ ပရောဂျက်စာရွက်စာတမ်းများကို ပရောဂျက်ပြီးဆုံးချိန်မှ (၁၀) နှစ်အထိ သိမ်းဆည်းထားရမည်။ ဤကာလ ကုန်ဆုံးပြီးနောက်မှသာ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ဖျက်ဆီးပစ်ရမည်။

## ၆) သက်ဆိုင်သည့်ပုဂ္ဂိုလ်များအတွက် ဥပဒေရပိုင်ခွင့်များ

မည်သူမဆို သိမ်းဆည်းထားသည့် ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့်စပ်လျဉ်း၍၊ သတ်မှတ်ထားသည့်လိုအပ်ချက်များပြည့်စုံပါက အောက်ပါအခွင့်အရေးများ ရရှိစေရမည်။
- လုပ်ငန်းစဉ်သတင်းအချက်အလက် ပေးခြင်း (DSGVO ပုဒ်မ (၁၅))
- မှားယွင်းနေသော ဒေတာအချက်အလက်များကို ပြင်ဆင်ခြင်း (DSGVO ပုဒ်မ (၁၆))
- မလိုအပ်တော့သောဒေတာအချက်အလက်များကို ဖျက်ဆီးခြင်း (DSGVO ပုဒ်မ (၁၇))
- လုပ်ငန်းဆောင်ရွက်မှုကို ကန့်သတ်ခြင်း (DSGVO ပုဒ်မ (၁၈))
- ဒေတာအချက်အလက် ထပ်ဆင့်လက်လွှဲပေးအပ်ခြင်း (DSGVO ပုဒ်မ (၂၀))
- လုပ်ငန်းဆောင်ရွက်နေမှုကို ကန့်ကွက်ခြင်း (DSGVO ပုဒ်မ (၂၁))

## ၇) ဒေတာကာကွယ်ရေးဥပဒေဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများနှင့် ဆက်သွယ်ရန်အချက်အလက်များ

AMIF စီမံခန့်ခွဲရေးဌာနမှ၊ ရွှေ့ပြောင်းအခြေချနေထိုင်မှုဆိုင်ရာ နှင့် ဒုက္ခသည်များဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုရုံးတွင် (DSGVO ပုဒ်မ (၄) အပိုဒ် (၇) အရ) ရန်ပုံငွေများစီမံခန့်ခွဲရာတွင် ဒေတာအချက်အလက်များကာကွယ်ရန် တာဝန်ရှိသူတစ်ဦးကို ခန့်အပ်ထားပါသည်။ ၎င်းကို အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

**ရွှေ့ပြောင်းအခြေချနေထိုင်မှုဆိုင်ရာ နှင့် ဒုက္ခသည်များဆိုင်ရာ ဖက်ဒရယ်ပြည်ထောင်စုရုံး**

AMIF စီမံခန့်ခွဲရေးဌာန (ဌာနခွဲ ၉၂ (c))

Frankenstraße အမှတ် (၂၁၀)

၉၀၄၆၁ နူရမ်ဘတ်မြို့

Bundesamt
für Migration
und Flüchtlinge

အီမေးလ်: AMIF2021-2027@bamf.bund.de

သတင်းအချက်အလက်ကာကွယ်မှုဆိုင်ရာ သီးခြားမေးခွန်းများကို ဒေတာကာကွယ်ရေးအရာရှိထံတွင် မေးမြန်းနိုင်သည်။

အီမေးလ်: Datenschutzbeauftragter@bamf.bund.de

**၈) သတင်းအချက်အလက်ကာကွယ်ရေးနှင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ဗဟိုကော်မရှင်နာ**

တစ်ဦးတစ်ယောက်သည် ၎င်း၏ကိုယ်ရေးကိုယ်တာအချက်အလက်များကို အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများမှ ထောက်ပံ့ရေးလုပ်ငန်းစဉ်အတွက် စုဆောင်းရာ၊ လုပ်ငန်းစဉ်ဆောင်ရွက်ရာ၊ သို့မဟုတ် အသုံးပြုရာတွင် ၎င်း၏အခွင့်အရေးများကို ချိုးဖောက်ခံရသည်ဟု ထင်မြင်ယူဆပါက၊ DSGVO စည်းမျဉ်းပုဒ်မ (၇၇) အရ တာဝန်ရှိသော ကြီးကြပ်ရေးကော်မတီထံတွင် တိုင်ကြားနိုင်ပါသည်။ DSGVO စည်းမျဉ်းပုဒ်မ (၅၁) အရ တာဝန်ရှိသော ကြီးကြပ်ရေးကော်မတီ မှာ ပြည်ထောင်စုနယ်ပယ် အားလုံးအတွက် ဖြစ်သည်။

**သတင်းအချက်အလက်ကာကွယ်ရေးနှင့် သတင်းလွတ်လပ်ခွင့်ဆိုင်ရာ ဗဟိုကော်မရှင်နာ** (BfDI)
Graurheindorfer လမ်း၊ အမှတ် (၁၅၃)
(၅၃၁၁၇) ဘွန်း မြို့
အီးမေးလ်- poststelle@bfdi.bund.de